# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ဒီးမော့ဆိုမြို့နယ်

## လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan


ဒေါပဲ့ဒူကျေးရွာ၊ ဒေါဖုအုပ်စု

(၂၀၁၇-၂၀၁၈)


မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၅ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | ၆ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာစနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ | ၇ |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာစနေကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၈ | ၈ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၉ | ၉ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၀ | ၁၀ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၁ | ၁၁ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၂ | ၁၂ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၃ | ၁၃ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၄ | ၁၄ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၅ | ၁၆ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၇ | ၁၉ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၀ | ၂၂ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၃ | ၂၄ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၅ | ၂၇ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၈ | ၂၈ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၉ | ၃၀ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၁ | ၃၂ |

# ဒီးမော့ဆိုမြို့နယ်မြေပုံ




ဒေါဖု ကျေးရွာအုပ်စုမြေပုံ


အညွှန်း
အုပ်စုရွာ
ကျေးရွာ
ရွာလမ်း
ကတ္တရာလမ်း
နယ်နိမိတ်
မ
န
ရ
တ
တဖို
ဘိုးလျား
ဒေါပွဲဒူ
ဒေါဆိုရှ
ဒေါဖု
စော်ဘွားဒေါပွဲ
ဒေါတမကြီး သို့
ဒီးမော့ဆိုမြို့ သို့

ဒေါဖုအုပ်စုအတွင်းရှိ လူဦးရေစာရင်းများ (၂၀၁၆-၂၀၁၇)

| စဉ် | ကျေးရွာအမည် | လူဦးရေ | | | အိမ်ခြေ | အိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း | | | |
| ၁ | ဒေါဖု | ၁၀၁ | ၁၁၂ | ၂၁၃ | ၄၆ | ၄၆ | |
| ၂ | တဖို | ၆၈ | ၄၉ | ၁၁၇ | ၂၃ | ၂၃ | |
| ၃ | ဘိုးလျား | ၁၄၀ | ၁၅၈ | ၂၉၈ | ၅၄ | ၅၄ | |
| ၄ | ဒေါပဲတူ | ၁၅၀ | ၁၃၀ | ၂၈၀ | ၅၁ | ၄၉ | |
| ၅ | ဒေါဆိုရူ | ၂၂ | ၂၄ | ၄၆ | ၁၂ | ၁၀ | |
| ၆ | ဒေါပုံ(စော်ဘွား) | ၅၄ | ၆၈ | ၁၂၂ | ၃၅ | ၃၄ | |
| စုစုပေါင်း | | ၅၃၅ | ၅၄၁ | ၁၀၇၆ | ၂၂၀ | ၂၁၆ | |

# ဒေါပုံ့ဒူကျေးရွာ၏သဘာဝနှင့် လူမှုရေးအရင်းအမြစ်ပြမြေပုံ



# ကျေးရွာလူမှုရေးနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ သုံးသပ်ခြင်း

ဒေါပဲ့တူကျေးရွာသည် ဒီးမော့ဆို-ဒေါတမကြီးကားလမ်းမှ အရှေ့ဘက် (၄)ဖာလုံခန့် အကွာတွင် တည်ရှိသည်။ ဒီးမော့ဆို-ဒေါတမကြီးကတ္တရာလမ်းနံဘေး စော်ဘွားဒေါပဲ့ကျေးရွာရှိ ခွဲဖြာ၍ ကျေးရွာလယ်ထိ အဓိကလမ်းမှာ ကျောက်ကြမ်းလမ်းဖြစ်ပြီး ကျေးရွာတွင်း၌ မြေသားလမ်းကြားဖြင့် ဆက်သွယ်ထားပါသည်။ ကျေးရွာ၏ ပုံသဏ္ဍာန်မှာ စက်ဝိုင်းပုံရှိ၍ အိမ်ခြေပေါင်း (၅၁)အိမ်၊ လူဦးရေပေါင်း(၂၈၀)ဦး နေထိုင်လျက်ရှိပါသည်။ ကျေးရွာအဝင်ထိပ်တွင် ဘောလုံးကွင်းရှိ၍ ဆေးပေးခန်း(ကိုယ်ထူကိုယ်ထ)၊ မူကြိုကျောင်း၊အခြေခံပညာ မူလတန်းကျောင်း၊ ဆရာ/မနေအိမ် ရှိပါသည်။ ကျေးရွာ၏ အလယ်ပိုင်းတွင် ခန်းမဆောင်ရှိနေပြီး ကျေးရွာအရှေ့ဖက်တွင် ရိုးရာတံခွန်တိုင် တည်ရှိသည်ကို တွေ့ရှိရပါသည်။

ဒေါပဲ့တူကျေးရွာသည် ယခင်က ဒေါဖုကျေးရွာ၊စော်ဘွားဒေါပဲ့ကျေးရွာထည့်သေးသော်လည်း ယခုအခါတွင် အိမ်ခြေပိုများလာပြီးပိုမိုစည်းကားလာသည်ကို တွေ့ရှိရပါသည်။ ဒေါပဲ့တူကျေးရွာတွင် မိုးရေလှောင်ကန်ကြီး(၂)ကန် ရှိသော်လည်း ရေမရှိပါ။ ၂၀၁၅ ခုနှစ်တွင် နတလ မှ ရေပေးရန် ဒေါဆိုခူ ရေကန်မှ သွယ်ယူပေးခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။

ဒေါပဲ့တူကျေးရွာတည်ရှိပုံအနေအထားသည် ကောင်းမွန်၍ စနစ်ကျသည့်အပြင် တိုးချဲ့ရန် ဧရိယာရှိခြင်း၊ မြေဩဇာကောင်းမွန်ခြင်း၊ စိုက်ပျိုးမြေများပြားခြင်း နှင့် သစ်တောပေါများခြင်း တို့ကြောင့် ရေလုံလောက်စွာ ရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လျှင်မြန်စွာ အောင်မြင် တိုးတက်နိုင်သည့်အပြင် နေထိုင်ရန် သာယာသင့်လျော်သော ကျေးရွာတစ်ရွာ ဖြစ်သည်ဟု သုံးသပ်ရရှိပါသည်။ ထို့အပြင် ဒေါဖုကျေးရွာအုပ်စုတွင် ဒေါပဲ့တူကျေးရွာသည် အနာဂါတ်တွင် လျင်မြန်စွာ ဖွံ့ဖြိုးစည်ပင်လာမည့်ကျေးရွာတစ်ရွာ ဖြစ်လာနိုင်သည်ဟု သုံးသပ်ရရှိပါသည်။

ပါဝင်ဆွေးနွေးသူ ကျား- ( ၂၀ ) ဦး
မ- ( ၂၀ ) ဦး

ကူညီပံ့ပိုးသူ- ဦးတီရယ်

# ဒေါ်ပဲ့တူကျေးရွာ သမိုင်းအကျဉ်း

ဒေါ်ပဲ့တူကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) ခန့်ဝန်းကျင်တွင် တည်ရှိပြီး ရှေးကျသောကျေးရွာ တစ်ရွာဖြစ်ပါသည်။ ယခင်အချိန်တွင် ရပ်ကွက် (၃)ရပ်ကွက်ဖြင့် နေထိုင်ခဲ့ရာ ကပ်ရောဂါကြောင့် လူအများအပြားသေဆုံးသွားပြီး နောက်ဆုံးတွင် တစ်ရွာတည်း၊ တစ်ရပ်ကွက်တည်းသာ ပြန်လည်စုစည်း နေထိုင်ခဲ့ကြပါသည်။ရှေးယခင်က ဒေါ်ပဲ့တူကျေးရွာကို ဒေါဖရယ်တူ ဖြစ် အမည်ရှိခဲ့ပါသည်။ 'ဒေါဖရယ်တူး' ၏ အဓိပ္ပာယ်မှာ 'သူတစ်ပါးကို ကြည့်ရှုစောက်ရှောက်သောသူ' ဟူ၍ အဓိပ္ပာယ်ရရှိပါသည်။ ဒေါဖရယ်တူးမှ ဒေါ်ပဲ့တူ ဖြစ်လာရခြင်း အကြောင်းမှာ ယခင်ကျောင်းအုပ်ကြီးတစ်ဦးမှ မြို့နယ်ပညာရေးရုံးတွင် ဒေါ်ပဲ့တူ ဟု အမည်ပေးခဲ့ရာမှ ဒေါ်ပဲ့တူ ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကိုယ်ထူကိုယ်ထ ကျောင်းအနေဖြင့် ၁၉၈၁ ခုနှစ်တွင် စတင်သင်ကြားခဲ့ပြီး နှစ်နှစ်ခန့်ကြာမှ အစိုးရ အသိအမှတ်ကျောင်း အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ဒေါ်ပဲ့တူကျေးရွာ၏ သင်းချိုင်းကုန်းသည်လည်း ဒေါဖု နှင့် စော်ဘွားဒေါ်ပဲ့ ကျေးရွာတို့သည် ထိုသင်းချိုင်းသို့လာရောက်မြှုပ်နှံခဲ့ကြသည်ဟု တွေ့ရှိရပါသည်။

၁၉၉၆ ခုနှစ်တွင်လည်း နိုင်ငံရေးအခြေအနေအရ ဒေါ်ပဲ့တူကျေးရွာကို စုစည်းရွာအဖြစ် ထီးဖိုးကလိုး နှင့် ဖဲလျှားရွာကြား ယခုလက်ရှိ ဒေါ်ခူသွဲ့ရွာသို့ သွားရောက်နေထိုင်ခဲ့ကြပြီး နှစ်နှစ်ခန့် ကြာသောအခါတွင် ကျေးရွာသို့ပြန်လာရန် ပြန်လည်ပြင်ဆင်ခဲ့ရာ စော်ဘွားဒေါ်ပဲ့ရွာသို့ နေထိုင်ခဲ့ကြပါသည်။ ၂၀၀၁ ခုနှစ်မှသာ ဒေါ်ပဲ့တူကျေးရွာသို့ပြန်လည်နေထိုင်ခဲ့ကြပါသည်။ ထိုအချိန်တွင် အိမ်ခြေအားဖြင့် (၃၅)အိမ်သာ ပြန်လည်နေထိုင်ခဲ့ကြပြီး ယခုအချိန်တွင် အိမ်ခြေ(၅၁)အိမ် ၊လူဦးရေ (၂၈၀)ဦးဖြင့် နေထိုင်ခဲ့ကြပါသည်။

## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

ဥစ္စာဓနကြွယ်ဝမှုပြဇယား ရက်စွဲ- ၅.၁၂.၂၀၁၅

| အမျိုးအစား အဆင့် | စံသတ်မှတ်ချက်များ | အိမ်ထောင်စုအရေအတွက် အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်-၁ | စက်ကိရိယာရှိခြင်း၊ မြေကောင်းများခြင်း၊ နွားသားရတတ် ငွေကြေးသုံးသာ၊ လက်မှုပညာရှိခြင်း၊ ကျွဲနွားများ ဆိုင်ကယ်ရှိ၊ | ၅ | 12% |
| အဆင့်-၂ | တစ်နှစ်စီ ဝတ်နေရေး ဖူလုံခြင်း၊ နွားလှည်း ဆိုင်ကယ်၊ ငွေကြေးသုံး သည်စား သုံးစရာများခြင်း၊ ကျန်းမာရေးကောင်းသူ၊ | ၂၀ | 39% |
| အဆင့်-၃ | ကလေးမိုးသော မိသားစု၊ တစ်နေ့လုပ်တစ်နေ့စား ကျန်းမာရေးချို့တဲ့သူများ၊ ကလေးကျောင်း ဆက်မထားနိုင်သူ၊ | ၂၆ | 49% |
| စုစုပေါင်း | | ၅၁ | 100% |

ပါဝင်ဆွေးနွေးသူ ဦးရေ ကျား - ၂၀
မ - ၂၀

ကျေးရွာ - ဇော်ပဲဝ
အုပ်စု - ဇော်လွ

# ဒေါပုံ့တူကျေးရွာ၏ ဥစ္စာဓနအင်အားအပေါ် သုံးသပ်ခြင်း


ဒေါပုံ့တူကျေးရွာတွင် အိမ်ခြေပေါင်း(၅၁)အိမ် ရှိရာ ကျေးရွာသူ/သားများ ကိုယ်တိုင် ဝိုင်းဝန်း အတည်ပြုချက်အရ ချမ်းသာသူ (၆)အိမ်၊ အလယ်အလတ်အုပ်စု (၂၀)အိမ် နှင့် ဆင်းရဲအုပ်စု (၂၅)အိမ် ရှိကြောင်း ဆွေးနွေးဖော်ထုတ်ကြပါသည်။ ၎င်းလေ့လာဖော်ထုတ်ချက်အရ ချမ်းသာသော အိမ်ထောင်စုများကို (၁)အဆင့် သတ်မှတ်၍ စံနှုန်းအဖြစ် စက်ရှိခြင်း၊ ခြံ ဧကများခြင်း၊ မိသားစုတွင် ငွေရှာသူသာရှိ၊ လက်မှုပညာပိုရှိခြင်း၊ နွားများခြင်း၊ ဆိုင်ကယ်ရှိ ဖြင့် သတ်မှတ်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၁၂% ဖြစ်ပါသည်။ အလယ်အလတ်အုပ်စု အနေဖြင့် တစ်နှစ်စာ စားဝတ်နေရေး ဖူလုံခြင်း၊ နွားလှည်း၊ ဆိုင်ကယ်၊ ငွေရှာသူသည် စားသူထက်များခြင်း၊ ကျန်းမာရေးကောင်းသူဖြင့် စံသတ်မှတ်၍ ရာခိုင်နှုန်းမှာ ၃၉ % ဖြစ်ပြီး ဆင်းရဲသောအုပ်စု၏ စံသတ်မှတ်ချက်မှာ ကလေးနီးသော မိသားစု၊ တနေ့လုပ်တနေ့စား၊ ကျန်းမာရေးချို့တဲ့သူများ၊ ကလေးကျောင်း ဆက်မထားနိုင်သူဖြစ်၍ ရာခိုင်နှုန်းမှာ ၄၉ % ဖြစ်ပါသည်။

ထို့ကြောင့် ဒေါပုံ့တူကျေးရွာ၏ ဥစ္စာဓနအင်အားသတ်မှတ်ရာတွင် ဆင်းရဲသည့်အုပ်စုများ အနေဖြင့် ရာခိုင်နှုန်းထက်ဝက်နီးပါးဖြစ်၍ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ဌာနဆိုင်ရာ၊ အခြား NGO များနှင့် ပူးပေါင်း၍ဒေါပုံ့တူကျေးရွာသူ/သားများ ပညာဗဟုသုတ ဖြန့်ဝေပေးနိုင်ပါက ဆင်းရဲမှု လျော့နည်းလာကာ ဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်ရရှိပါသည်။

ပါဝင်ဆွေးနွေးသူ ကျား- ( ၂၀ ) ဦး
မ- ( ၂၀ ) ဦး

ကူညီပံ့ပိုးသူ- ဦးတီရယ်

## ပင့်ကူအိမ်



## ပင့်ကူအိမ် သုံးသပ်ခြင်း


ဒေါပဲ့တူ ကျေးရွာသူ/သား များ၏ ကျား-မရေးရာဆိုင်ရာ အဆင့်သတ်မှတ်ရာတွင် အမျိုးသမီးများထက် အမျိုးသားများက ပိုမိုလွှမ်းမိုးမှု ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ကျား-မ ကဏ္ဍဆိုင်ရာ ပင့်ကူအိမ်သုံးသပ်မှုတွင် ပူးပေါင်းပါဝင်ခွင့် နှင့် တာဝန်ခွဲဝေမှုသည် တူညီပြီး ဝင်ငွေရရှိမှု ၊ လုံခြုံမှု၊ ဆုံးဖြတ်ပိုင်ခွင့် နှင့် ဦးစီးဦးဆောင်မှုတို့သည် အမျိုးသားများသာ အမျိုးသမီးများထက် သာလွန်နေပါသည်။ ပညာသင်ကြားခွင့် နှင့် အိမ်မှုကိစ္စ (၂)မျိုးသာ အမျိုးသမီး များက အမျိုးသားထက် သာလွန်နေပါသည်။

ထို့ကြောင့် ဒေါပဲ့တူကျေးရွာတွင် ကျား-မ တန်းတူဖြစ်လာရန်အတွက် ဆက်လက်ဖော်ဆောင် သွားမည် ဖြစ်ပါသည်။ အမျိုးသမီးများ၏ ဦးစီးဦးဆောင်မှု နှင့် ဆုံးဖြတ်ပိုင်ခွင့် ပိုမိုတန်းတူရေး အတွက် အလေးထားအားပေးဖော်ဆောင်ပေးခြင်းအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးကို ပိုမို အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်မည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

ပါဝင်ဆွေးနွေးသူ ကျား- ( ၂၀ ) ဦး
မ- ( ၂၀ ) ဦး

ကူညီပံ့ပိုးသူ- ဦးတီရယ်

# အဖွဲ့အစည်းချိတ်ဆက်မှုဆိုင်ရာ



# ကျေးရွာလူထု နှင့် အဖွဲ့အစည်းချိတ်ဆက်မှုအပေါ် သုံးသပ်ခြင်း


ဒေါပုံ့တူကျေးရွာသူ/သား များ၏ ဆွေးနွေးဖော်ထုတ်ချက်အရ ဒေါပုံ့တူကျေးရွာအတွင်း အဖွဲ့အစည်းများအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊လူငယ်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းကော်မတီ နှင့် ကျန်းမာရေးအဖွဲ့များသည် အဓိကအရေးပါသော အဖွဲ့များဖြစ်ပြီး ရွာမိရွာဖ၊ စပါးဘဏ်ကော်မတီ၊ ဆယ်ကျော်သက်အဖွဲ့၊ ကြက်ခြေနီကော်မတီ နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများလည်း ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာပြင်ပ အဖွဲ့အစည်းများ အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အဓိကအရေးပါပြီး LDN အဖွဲ့နှင့် နတလ အဖွဲ့ နှင့်လည်းချိတ်ဆက်မှုရှိနေသည်ကို တွေ့ရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာအတွင်းဖွဲ့စည်းနိုင်ရန် လိုအပ်သကဲ့သို့ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားကောင်းရန်လည်း လိုအပ်သည်ဟု သုံးသပ်ရရှိပါသည်။ ထို့ကြောင့် ဒေါပုံ့တူကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားကောင်းရန် လိုအပ်လျက်ရှိပြီး ကျေးရွာတွင်း ဖွဲ့စည်းမှုအားကောင်းရန်လည်း ကူညီအားပေးရန် လိုအပ်လျက်ရှိသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

ပါဝင်ဆွေးနွေးသူ ကျား- ( ၂၀ ) ဦး
မ- ( ၂၀ ) ဦး

ကူညီပံ့ပိုးသူ- ဦးတီရယ်

ရာသီခွင်ပြ ပြက္ခဒိန်



# ရာသီခွင်ပြက္ခဒိန်အပေါ် သုံးသပ်ချက်

ဒေါပဲ့တူကျေးရွာ၏ တစ်နှစ်တာကာလ ရာသီခွင်ပြက္ခဒိန်ကို ဖော်ထုတ်သတ်မှတ်ကြရာတွင် တောင်ယာခုတ်ချိန်၊ စိုက်ပျိုးသည့်ကာလ၊ ပွဲတော်ကာလ၊ ရေရှားပါးသောကာလ၊ အိမ်ဆောက်ကာလ၊ တောမီးရှို့သောကာလ၊ ရိတ်သိမ်းချိန် နှင့် စားဝတ်နေရေးခက်ခဲသောကာလ ဟူ၍ သတ်မှတ်ခဲ့ကြပါသည်။ ရွာသူရွာသားများသည် တစ်နှစ်ပတ်လုံး တောင်ယာများ လုပ်ကိုင်စားသောက်ကြပြီး ရေရှားပါးချိန်သည်လည်း အကျိုးသက်ရောက်မှုများ၍ အချိန်ကုန် လူပင်ပန်းစေသည်ကို တွေ့ရှိရပါသည်။ ပွဲတော်ကာလ အနေဖြင့် ပျော်ရွှင်ဖွယ်ရာပွဲကို တစ်နှစ်တာ လအလိုက် ကျင်းပနေကြသည်ကို တွေ့ရှိရပါသည်။ စားဝတ်နေရေးခက်ခဲသော ကာလ များမှာ ဖွန်လ မှ စက်တင်ဘာလ အထိ ရင်ဆိုင်ကြုံတွေ့ နေရပါသည်။

ထို့ကြောင့် ဒေါပဲ့တူကျေးရွာ၏ ရာသီခွင်ပြက္ခဒိန်ကို လေ့လာသုံးသပ်ရာတွင် သမာရိုးကျ စိုက်ပျိုးပြီး တစ်နှစ်အလုပ်ပါးချိန် နည်းသော်လည်း စားဝတ်နေရေးခက်ခဲမှုနှင့် ရင်ဆိုင် ကြုံတွေ့နေရ၍ လူနေမှုဘဝ ပိုမိုမြင့်မားလာရေးအတွက် စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးနိုင်ပါက စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းနိုင်မည်ဟု သုံးသပ်ရရှိပါသည်။

ပါဝင်ဆွေးနွေးသူ ကျား - ( ၂၀ ) ဦး
မ - ( ၂၀ ) ဦး

ကူညီပံ့ပိုးသူ - ဦးတီရယ်

# ကျေးရွာကော်မတီဝင် စာရင်းများ

ဒေါဖုအုပ်စု ကျေးရွာ။ ရက်စွဲ။

| စဉ် | ကော်မတီအမျိုးအစား | အမည် | ရာထူး | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီထောက် ကော်မတီ ဥက္ကဋ္ဌ | ဦးစိုးရယ် | ဥက္ကဋ္ဌ | |
| | | ဒေါ်စေးမယ် | ဥက္ကဋ္ဌ | |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ဦးနဲရယ် | ခေါင်းဆောင် | |
| | | ဒေါ်ဦးမြာ | အဖွဲ့ဝင် | |
| | | ဦးဘဲရယ် | အဖွဲ့ဝင် | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ဦးစီးရယ် | ခေါင်းဆောင် | |
| | | ဦးသလဲ | အဖွဲ့ဝင် | |
| | | ဒေါ်နဲမယ် | အဖွဲ့ဝင် | |
| ၄။ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ဦးရှားရယ် | အဖွဲ့ဝင် | |
| | | ဒေါ်ညေးမြာ | ခေါင်းဆောင် | |
| | | ဒေါ်စိုးမယ် | အဖွဲ့ဝင် | |
| ၅။ | ဝေဖန်အကြံပြု တိုင်ကြားရေး ဆပ်ကော်မတီ | ဦးဘော်ခေရယ် | အဖွဲ့ဝင် | |
| | | ဒေါ်ဘဲမြာ | အဖွဲ့ဝင် | |
| ၆။ | ကျေးရွာငွေစာရင်းကိုင် | ဒေါ်စီမြာဦး | အဖွဲ့ဝင် | |
| ၇။ | ကျေးရွာ စေတနာ့ ဝန်ထမ်း | ဦးပိုးရယ် | အဖွဲ့ဝင် | |
| | | ဒေါ်နဲမြာ | အဖွဲ့ဝင် | |

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ၏မှတ်တမ်းဓါတ်ပုံ




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံ






# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံ





## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံ



## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဘိုကြယ် | 09780452379 | ဦးစိုးကြယ် |
| ပြည်နယ်/တိုင်းဒေသကြီး ကယား မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဝေဒါဖု | ကျေးရွာ ဝေဒါပဲဝှ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၄၂ | ဘာသာ (၁) ကက်သလစ် ခရစ်ယာန် ဗုဒ္ဓ | ၄၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၇၀ | ၁၃၀ |
| လူမျိုးစု (၁) ကယား | | |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၄၃ | ၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>[illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၇ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ----------

မိုးရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေလွှမ်းမိုးခြင်း ရေနစ်မြုပ်ခြင်း (၂၀၀၈)

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စပါးဘဏ်ကော်မတီ

ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ

## ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်တောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကိုရွှေ | | | |
| နေ့စွဲ - ၅ ၊ ၁၂ ၊ ၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်ဖူ | ကျေးရွာ ဒေါ်ပဲကူ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၁၂.၂၀၁၆ | ၅.၁၂.၂၀၁၆ | ၂၀ | ၂၀ | ၄၀ | ၄၀ ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၇.၁၂.၂၀၁၆ | ၇.၁၂.၂၀၁၆ | ၁၂ | ၂၅ | ၃၇ | ၃၇ ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၂.၁.၂၀၁၇ | ၁၂.၁.၂၀၁၇ | ၁၅ | ၉ | ၂၄ | ၂၄ ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၅.၁.၂၀၁၇ | ၂၅.၁.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြုပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒိုး တိ ဂူယ် |

| | | | |
|---|---|---|---|
| နေ့စွဲ ၇-၁၂-၂၀၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်ဖု | ကျေးရွာ ဖော်ပဲတရူ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေကန် လမ်းမကောင်းတဲ့ အခက်အခဲ | ၁ | ရေ အခက်အခဲ ၊ အိမ်မဲ့သုံး ပစ္စည်း |
| ၂ | ရေ အခက်အခဲ | ၂ | မိုးရေလှောင်ကန်မရှိတဲ့ အခက်အခဲ ၊ စာသင်ကျောင်း မရှိတဲ့ အခက်အခဲ |
| ၃ | ကျေးရွာစီးပွားရေ အခက်အခဲ | ၃ | ရေသယ်သွားလမ်း မကောင်းတဲ့ အခက်အခဲ |
| ၄ | ကျေးရွာချိတ်ဆက်လမ်း အခက်အခဲ | ၄ | ဆိုလာမီး မရှိတဲ့ အခက်အခဲ |
| ၅ | ကျောင်းလမ်း အခက်အခဲ | ၅ | သား/သမီးကို ကျောင်းမထားနိုင်သော အခက်အခဲ |
| | မူကြိုကျောင်း ဆရာမလခ အခက်အခဲ | | စားဝတ်နေရေး အခက်အခဲ ၊ ... ပါးကြွက်ကျ |

- ဖုန်း လိုင်း အခက်အခဲ
- ကျန်းမာရေး အခက်အခဲ
- မူကြိုကလေး စားစရာ အာဟာရ မရှိတဲ့ အခက်အခဲ

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | သောက်သုံးရေ ရရှိခြင်း | ၁ | မိုးရေလှောင်ကန် ရရှိခြင်း |
| ၂ | ကျေးရွာ ချိတ်ဆက်လမ်း ဖြစ်မြောက်ရေး | ၂ | ရေကန်သွားလမ်း ကောင်းခြင်း |
| ၃ | ဆိုလာမီး ရရှိခြင်း | ၃ | ဆိုလာမီး ရရှိခြင်း |
| ၄ | မူကြိုကလေး စားစရာ အာဟာရ ရရှိခြင်း | ၄ | ကျေးရွာချိတ်ဆက်လမ်း |
| ၅ | ခန်းမဆောင်သုံး ပစ္စည်း ရရှိ | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရေကန်သွားလမ်း | အမျိုးသား/အမျိုးသမီး | | ၂၈၀ |
| ၂ | မိုးရေလှောင်ကန် | အမျိုးသမီး | | ၂၈၀ |
| ၃ | ကျေးရွာချိတ်ဆက်လမ်း | အမျိုးသား + အမျိုးသမီး | | ၂၈၀ |
| ၄ | မူကြိုကျောင်း ကလေးစားစရာ | အမျိုးသား/သမီး | | ၂၈၀ |
| ၅ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား | |
| ၂ | [illegible] | | |
| ၃ | [illegible] | | |
| ၄ | စပါးကြိတ်စက် | အမျိုးသမီး | |
| ၅ | [illegible] | အမျိုးသား | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ [illegible]

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားရွာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရေကန်သွားလမ်း | ☑မ ☑ကျား | | |
| | ၂ | မိုးရေလှောင်ကန် | ☑မ ☑ကျား | | |
| | ၃ | ရွာချင်းဆက်လမ်း | ☐မ ☑ကျား | | |
| | ၄ | မူကြိုကျောင်း ကလေး ကစားစရာ | ☑မ ☑ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံ [illegible] ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ [illegible] မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ)

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး[illegible] ၊ ဦး[illegible] | |
| နေ့စွဲ ၁၂.၁၀.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကချင် ; မြို့နယ် ဗန်းမော် | ကျေးရွာအုပ်စု ဖေါ်ပု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဇစ်မြစ်၊ ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့) | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| တဖို | ရေတွင်းနှင့်ရေပိုက်ဆက်သွယ်ခြင်း | ၁၃၀၀'x၁၀'x၆'' | ၁၁၇ | □ ကျား □ မ ☑ ကျား+ မ | ၇၁ သိန်း | - | - | - | ၇၁ သိန်း |
| ဒိုး[illegible] | ရေသွယ်ပိုက် အားထိုး လည်ဆြင်း | ၄,၀၀၀'၊ ၃၀ / ၃၀'x၁၅'x၉' | ၂၄၈ | □ ကျား □ မ ☑ ကျား+ မ | ၅၅ သိန်း | - | - | - | ၅၅ သိန်း |
| ဖေါ်ခိုရာ | မိုးရေလှောင်ကန် တည်ဆောက်ခြင်း | ဂိုဒေါင် ၅ထပ် 16 x 8' x6.5' | ၄၅ | □ ကျား □ မ ☑ ကျား+ မ | ၄၇ သိန်း | - | - | - | ၄၇ သိန်း |
| ဖေါ်ပု | ကျောင်းဆောင်သစ် နှင့် ဒုတိယ[illegible] တည်ဆောက်ခြင်း | ၃၀'x၂၀'x၁၂' | ၂၁၃ | □ ကျား □ မ ☑ ကျား+ မ | ၈၃.၅ သိန်း | - | - | - | ၈၃.၅ သိန်း |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး[illegible] ဖေါ်ခိုရာ လက်မှတ် [signature] ရက်စွဲ ၁၂.၁၀.၂၀၁၆

## ပထမအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်ကျေးရွာ နှင့် အုပ်စု - ဒေါပဲ့တူကျေးရွာ၊ဒေါဖုအုပ်စု
အစည်းအဝေးကျင်းပသည့်နေရာ - ကျေးရွာခန်းမဆောင်
အစည်းအဝေးကျင်းပသည့်အချိန် - နံနက်(၉)နာရီ မှ ညနေ(၄) နာရီအထိ
အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၆.၁၂.၂၀၁၆
အစည်းအဝေးတက်ရောက်သူ – ကျား- (၂၀) ဦး၊ မ-(၂၀) ဦး

ပထမအကြိမ် ကျေးရွာ အစည်းအဝေးကို နံနက် ( ၉: ၀၀) နာရီတွင်စတင်ပြီး အစည်းအဝေးကျင်းပရာတွင် တက်ရောက်သူများအား မှတ်တမ်းကောက်ယူပြီး စည်းဝေးမစတင်မီ ကျေးရွာအုပ်ချုပ်ရေးမှူး မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး စည်းရုံးရေးမှူးမှ စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း ရှင်းပြခြင်း နှင့် ကျေးရွာစေတနာ့ဝန်ထမ်း၏ တာဝန်နှင့်ဝတ္တရားများကို ကျေးရွာလူထုအား ရှင်းပြပြီး ယခင်နှစ် စေတနာ့ဝန်ထမ်းများကို ပြန်လည်အတည်ပြု ရွေးချယ်ခဲ့ကြပါသည်။

ဆက်လက်ပြီး လူမှုဆန်းစစ်မှုပြုလုပ်ခြင်း နှင့် ပတ်သက်၍ ကျေးရွာမြေပုံရေးဆွဲခြင်း၊ ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း၊ ကျား-မ ကဏ္ဍပိုင်ဆိုင်မှု နှင့် ထိန်းချုပ်မှုအား ဆွေးနွေးခြင်း၊ အမျိုးသား/အမျိုးသမီးများ၏ ပင့်ကူအိမ် သုံးသပ်ခြင်း၊ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားအား ဆွေးနွေးခြင်း နှင့် ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်အား ဆွေးနွေးမှုများ ပြုလုပ်ပါသည်။

ဆက်လက်ပြီး ကျေးရွာလူထုဆန်းစစ်ခြင်းကို ပြန်လည်သုံးသပ်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး မှ ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို ညနေ (၄:၀၀)နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

# ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ နှင့် အုပ်စု | - ဒေါပဲ့တူကျေးရွာ၊ဒေါဖုအုပ်စု |
| အစည်းအဝေးကျင်းပသည့်နေရာ | - ကျေးရွာခန်းမဆောင် |
| အစည်းအဝေးကျင်းပသည့်အချိန် | - နံနက်(၉)နာရီ မှ ညနေ(၂) နာရီအထိ |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | - ၇.၁၂.၂၀၁၆ |
| အစည်းအဝေးတက်ရောက်သူ | – ကျား- (၁၂) ဦး၊ မ-(၂၅) ဦး |

ဒုတိယအကြိမ်ကျေးရွာ အစည်းအဝေးကို နံနက်(၉:၀၀)နာရီတွင် စတင်ပြီး အစည်းအဝေးကို စတင်ကျင်းပရာတွင် တက်ရောက်သူများအား မှတ်တမ်းကောက်ယူပြီး အစည်းအဝေး မစတင်မီ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး စည်းရုံးရေးမှူးမှ ဦးဆောင်ပြီး လူထုဆန်းစစ်ခြင်းနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ပြီး လူထုဆန်းစစ်မှုများကို အခြေခံပြီး ကျေးရွာ၏ အခက်အခဲများ ၊ မျှော်မှန်းချက်များကို အစည်းအဝေးတက်ရောက်သူများ နှင့်အတူ ဖော်ထုတ်ဆွေးနွေးကြပါသည်။

ဆက်လက်ပြီး စီမံကိန်း နှင့် ပတ်သက်၍ အကျုံးဝင်သော လုပ်ငန်း နှင့် အကျုံးမဝင်သော လုပ်ငန်းများကို ရှင်းပြကာ အမျိုးသား၊ အမျိုးသမီးများခွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်း များကို ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။ ဆက်လက်ပြီး ကော်မတီများ ၏ တာဝန်ဝတ္တရားများကို ရှင်းပြကာ ကော်မတီများအား ပြန်လည်အတည်ပြုပြီး နုတ်ထွက်သူများကို ပြန်လည် အစားထိုး ရွေးချယ် အတည်ပြုခဲ့ပြီး ကိုယ်ရေးအချက်အလက်များကို ဖြည့်ကာ ဆောင်ရန်၊ ရှောင်ရန် များကို လက်မှတ်ရေးခဲ့ပါသည်။ ဆက်လက်ပြီး တစ်နေ့တာ အစီအစဉ်များကို ပြန်လည်အနှစ်ချုပ်ရှင်းပြကာ ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို ပြန်လည်ရုတ်သိမ်းခဲ့ပါသည်။

ဒေါ်ဖူ အုပ်စု

- ဒေါ်မဲထူ ကျေးရွာ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social map/ Resource map) | ၆-၀၂-၂၀၁၉ | ရပ်မိရပ်ဖ၊ ကော်မတီ၊ကျေးရွာလူထုများအားလုံး | ၂၀ | ၂၀ | ၄၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ရေလှောင်ကန်၊ သစ်တောများ |
| ၂။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၆-၀၂-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၂၀ | ၂၀ | ၄၀ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ရန် အများလူထုသဘောတူတတ်မှတ်ခြင်း |
| ၃။ | ကျား/မရေးရာ တဏ္ဍ (Assect Mapping) | ၆-၀၂-၂၀၁၉ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၀ | ၂၀ | ၄၀ | ကျေးရွာအတွင်းရှိ အရင်းအမြစ်၊ ပိုင်ဆိုင်မှု အခြေခံအဆောက်အဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၆-၀၂-၂၀၁၉ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ (လုပ်အားခ) |
| ၅။ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၆-၀၂-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု၊ | ၂၀ | ၂၀ | ၄၀ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၀၁၉-၁၀-၆ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၂၀ | ၂၀ | ၄၀ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ(အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ ဝင်ငွေအနည်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇။ | အခက်အခဲ/ပြဿနာ (Problem) | ၂၀၁၉-၁၀-၇ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၁၂ | ၂၅ | ၃၇ | ငွေရေးကြေးရေး၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးလေးစားခြင်း၊ မြေနေရာကျဥ်းခြင်း၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ |
| ၈။ | ကျေးရွာ၏(၄)နှစ်စာမျှော်မှန်းချက်များ (Village Vision) | ၂၀၁၉-၁၀-၇ | ကျေးရွာလူထုအားလုံး | ၁၂ | ၂၅ | ၃၇ | ပိုမိုတိုးတက်စည်းလုံးဖွံ့ဖြိုး၊ ပိုမိုကျန်းမာလုပ်ကိုင်နိုင် (စားဝတ်နေရေး)၊ ပိုမိုပညာရေးကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုကောင်းမွန်လာနိုင်၊ ပိုမိုကျေးရွာဖွံ့ဖြိုးလာနိုင်၊ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ (Village Approve Vision) | ၂၀၁၉-၁၀-၇ | ကျေးရွာလူထုအားလုံး | ၁၂ | ၂၅ | ၃၇ | ခန်းမဆောင်၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ လမ်း၊ ရေလှောင်ကန်၊ ရေပိုက်/ငုတ်၊ လျှပ်စစ်မီး၊ |
| ၁၀။ | ကျေးရွာဦးစားပေးလုပ်ငန်းစဥ်များ (Village Object Vision) | ၂၀၁၉-၁၀-၇ | ကျေးရွာလူထုအားလုံး | ၁၂ | ၂၅ | ၃၇ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဥ်အဆင့်သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁။ | ကျေးရွာသမိုင်းအကျဥ်းချုပ် (History) | ၂၀၁၉-၁၀-၇ | အမျိုးသမီး၊ အမျိုးသားလူထုအားလုံး | | | | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာ စသော ကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း၊ |